# မိမိရဲ့ကိုယ်ပိုင်အရေးကိစ္စလိုသဘောထားပြီးဆောင်ရွက်တတ်စေဖို့

မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ် လုပ်ငန်းဆောင်တာတွေ၊ ဆောင်ရွက်ချက်တွေကို ပိုမိုစနစ်ကျအောင် အားဖြည့်ဆောင်ရွက်နေတဲ့ အချိန်မှာ "Sense of Ownership" လို့ပြောကြတဲ့ မိမိရဲ့ကိုယ်ပိုင်အရေးကိစ္စလို၊ မိမိပိုင်ဆိုင်တန်ဖိုးထားတဲ့အရာတွေလို သဘောထားပြီးဆောင်ရွက်ဖို့က အလွန့်အလွန်အရေးကြီးပါတယ်။ ဥပမာအားဖြင့် ပြည်သူ့ကျန်းမာရေးနဲ့ ကုသရေးဦးစီးဌာနများမှ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူးတွေ၊ ဆေးရုံအုပ်ကြီးတွေက မိမိတို့ တာဝန်ကျရာဒေသ၊ ဌာနများတွင် လုပ်ငန်းများ စီမံခန့်ခွဲအုပ်ချုပ်ဆောင်ရွက်တဲ့နေရာမှာ "ဒါဟာ မိမိတို့ရဲ့ ကိုယ်ပိုင်ဆေးရုံ၊ ကိုယ်ပိုင်နေရာ၊ ကိုယ်ပိုင်ပစ္စည်း"တွေလို့ သဘောထားတဲ့စိတ်ကို ထပ်ပြန်တလဲလဲ နှလုံးသွင်းလို့ရပါတယ်။ ဝန်ကြီးဌာနမှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ ကျန်းမာရေးစီမံကိန်းမန်နေဂျာတွေကလည်း ဒီလိုပုံစံဘဲတွေးခေါ်စဉ်းစားသင့်ပါတယ်။ အဲဒီစိတ်ဓါတ်သာ ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဝန်ထမ်းအားလုံးမှာ လွှမ်းခြုံထားနိုင်ရင် ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ပြည်သူတွေကို အရည်အသွေးပြည့်ဝတဲ့ ကျန်းမာရေး စောင့်ရှောက်မှုတွေပေးဖို့နဲ့ ရေရှည်ပန်းတိုင်ဖြစ်တဲ့ လူတိုင်းအရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရရှိစေရေး (Universal Health Coverage) ကို သေချာပေါက် အရောက်သွားနိုင်မှာဖြစ်ပါတယ်။ အဲဒီလိုဖြစ်ဖို့ အခြေခံအနေနဲ့ ကျွန်တော်တို့အားလုံး တာဝန်ကျေမှု၊ တာဝန်သိမှု၊ တာဝန်ခံမှု ဆိုတဲ့ စိတ်ဓါတ်တွေ ရှိနေဖို့ပါပဲ။ မိမိကိုယ်ပိုင်အလုပ်၊ ကိုယ့်အရေးကိစ္စလို့ သဘောထားပြီး ခံယူတဲ့ အတွေးအခေါ်ကို ပံ့ပိုးနိုင်ဖို့ အကြောင်းတရားတွေကတော့ ကျွန်တော်တို့အားလုံး ဆေးပညာရှင်ကျင့်ဝတ်၊ သူနာပြုကျင့်ဝတ်၊ စီမံခန့်ခွဲအုပ်ချုပ်မှုကျင့်ဝတ်၊ ပြည်သူ့ကျန်းမာရေးကျင့်ဝတ်၊ သုတေသနကျင့်ဝတ် အသီးသီးကို ကောင်းမွန်စွာ လိုက်နာကျင့်သုံးကြရန်ဖြစ်ပါတယ်။ အားလုံးခြုံငုံပြောရရင်တော့ ကျင့်ဝတ်ကောင်းများကို လိုက်နာခြင်းက ကျွန်တော်တို့ရဲ့လုပ်ငန်းများကို မှန်ကန်တဲ့နည်းလမ်း၊ ဦးတည်ချက်နဲ့ဆောင်ရွက်သွားဖို့ အရေးအကြီးဆုံး အခြေခံအကြောင်းတရားပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အားလုံး တစ်ဦးကိုတစ်ဦး ကူညီပံ့ပိုးရင်း အတူတကွလက်တွဲလုပ်ကိုင်သွားကြပါစို့။

*(ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၏အမှာစကားတစ်ခုမှကောက်နုတ်ချက်)*

*(ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသတင်းလွှာ၊ အတွဲ-၁၊ အမှတ်-၁၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ)*